ကြပ်စခန်းကျေးရွာ

ကြပ်စခန်းကျေးရွာအုပ်စု

သာစည်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြပ်စခန်းကျေးရွာ၊ သာစည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

မာတိကာ

မာတိကာ

၁. စကားချီး ၃

၂. သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စု၊ ကြပ်စခန်းကျေးရွာ၏ သယံဇာတပြမြေပုံ ၄

၃. သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စု၊ ကြပ်စခန်းကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၅

၄. သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စု၊ ကြပ်စခန်းကျေးရွာ၏ **ကျေးရွာတွင်း၊ ရွာပြင် အဖွဲ့အစည်းများ ချိတ်ဆက်မှု ပြပုံ** ၆

၅. သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စု၊ ကြပ်စခန်းကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၅.က။ တည်နေရာနှင့်ပထဝီ အနေအထား ၇

၅.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၅.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၅.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၅.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

၅.စ။ ပညာရေး ၉

၅.ဆ။ ကျန်းမာရေး ၉

၅.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀

၅.ဈ။ ကျား – မ ရေးရာ ၁၀

၆. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၁

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၃
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၂၄

စကားချီး

ကြပ်စခန်းကျေးရွာ၏ ဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် စီမံချက်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များအား ကူညီပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လိုအပ်သော အကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်း တိုင်ပင်ခွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးမည့် စီမံကိန်းရေးဆွဲရေး အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်စေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြပ်စခန်းကျေးရွာ၊ သာစည်မြို့နယ်

၂. သာစည်မြို့နယ်၊ ကြပ်စခန်း ကျေးရွာအုပ်စု၊ ကြပ်စခန်း ကျေးရွာ၏ သယ်ဇာတပြမြေပုံ





၅ သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စု၊ ကြပ်စခန်းကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၅.က။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ကြပ်စခန်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ သာစည်မြို့၏အရှေ့ဘက် (၃၄) မိုင်ခန့် အကွာ၊ မိတ္ထီလာ-သာစည်-တောင်ကြီး ကားလမ်းမကြီးဘေးတွင် တည်ရှိပါသည်။

ကျေးရွာသည် တောင်ပေါ်ဒေသ ဖြစ်ပြီး ပျမ်းမျှအပူချိန် ၃၃ ဒီဂရီဖာရင်ဟိုက်နှင့် ပျမ်းမျှမိုးရေချိန်လက်မ ၂၂ လက်မ ခန့် ရှိပါသည်။ ကျေးရွာဝန်းကျင်တွင် တောင်ကုန်းတောင်တန်းများ ပေါများပြီး သဘာဝ သစ်တောများ ရှိသော်လည်း အစိုးရပိုင် သစ်တောများ ဖြစ်သောကြောင့် စိုက်ပျိုးရေးအတွက် တွင်တွင်ကျယ်ကျယ် အသုံးမပြုနိုင်ပါ။ ဥယျာဉ်ခြံမြေများအဖြစ် တပိုင်တနိုင်မြေကွက်များ ချပေးနိုင်လျှင် ကျေးရွာနေပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း တိုးပွား၍ ကျေးရွာဖွံ့ဖြိုရေးအတွက် အထောက်အကူပြုမည် ဖြစ်ပါသည်။

၅.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကြပ်စခန်းကျေးရွာသည် မိုးများပြီး အအေးပိုင်း မုတ်သုံရာသီဥတုဖြစ်ပါသည်။ တော၊ တောင် ထူထပ်၍ ကျောက်မီးသွေးနှင့် သံကျောက် ထွက်ရှိပါသည်။ ကျေးရွာသူ/ သားများအနေဖြင့် နည်းပညာအားနည်းသောကြောင့် ကျောက်မီးသွေးတူးဖော်ရရှိမှု နည်းပါးပါသည်။ တောရိုင်းတိရစ္ဆာန်ဖြစ်သော ဆင်ကို စီးပွားဖြစ် မွေးမြူကြပါသည်။ ဆင်ကို အလှူမင်္ဂလာနှင့် အခြား ပွဲလမ်းသဘင်များတွင် အလှဆင် အသုံးပြုရန် ငှားရမ်းကြပါသည်။ ဆေးဖက်ဝင် အသုံးပြုသော အပင်များအဖြစ် ရှားစောင်းလက်ပပ်နှင့် တပင်တိုင်မြနန်းပင်တို့ကို တွေ့ရှိရပါသည်။

၅.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှုအခြေအနေ

ကြပ်စခန်းကျေးရွာတွင် ကျေးရွာလူထုအခြေပြု ကိုယ်ထူကိုယ်ထအဖွဲ့ (၆) ဖွဲ့ ရှိပါသည်။ မေတ္တာခွန်အား လူမှု ကူညီရေးအသင်း၊ အမျိုးသမီးအဖွဲ့၊ ကျောင်းဂေါပက၊ ကျောင်းအကျိုးတော်ဆောင်၊ မိဘဆရာအသင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ဖြစ်ပါသည်။ လူမှုကူညီရေး အသင်းသည် စတင်ဖွဲ့စည်းတည်ထောင်စဉ်က လုပ်ငန်းဆောင်ရွက်မှုကောင်းပြီး နောက်ပိုင်းတွင် စည်းရုံးမှု လျော့ရဲလာပါသည်။ အမျိုးသမီးရေးရာအဖွဲ့သည် လုပ်ငန်းဆောင်ရွက်ချက် အသင့်အတင့်ကောင်းမွန်ပြီး မိန်းကလေးများ ဘေးအန္တရာယ်မှ လုံခြုံစေပါသည်။ ကျောင်းဂေါပက အဖွဲ့သည် စာသင်ကျောင်းဖွံ့ဖြိုးရေးအတွက် ဦးဆောင်မှုကောင်းပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်လုပ်ကိုင်ပြီး လက်ရှိတွင် ကော်မတီဝင် (၁၁) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ မိဘဆရာအသင်းသည် အသင်းတည်ထောင်စအချိန်တွင် ကောင်းပြီး ယခုတွင် အဖွဲ့ဝင် အနည်းငယ်သာ ရှိပါသည်။ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးများအတွက် မရှိမဖြစ် လိုအပ်သောအဖွဲ့အစည်းဖြစ်ပြီး လုပ်ငန်းစွမ်းဆောင်ရည် ကောင်းပါသည်။

ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေး ကော်မတီ ဖွဲ့စည်း၍ လျှပ်စစ်မီးရရှိရေးနှင့် ပက်သက်သော ဓါတ်အားလိုင်းများ သွယ်တန်းခြင်း၊ လျှပ်စစ်မီးလင်းရေး ဘဏ္ဍာငွေများ ရှာဖွေခြင်း၊ မီးလင်းရေး ဆိုင်ရာ အခြားလုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်းများကို ဆောင်ရွက်ပါသည်။ အချို့အဖွဲ့အစည်းများသည် စတင်ဖွဲ့စည်းခါစတွင် စည်းရုံး၍ ဆောင်ရွက်မှုကောင်းသော်လည်း အနည်းငယ်ကြာလာသောအခါ ပျက်ပြယ်သွားတတ်ပါသည်။ အဖွဲ့အစည်းများတွင် အမျိုးသား၊ အမျိုးသမီးများ ပါဝင်ကြသည်ကို တွေ့ရပါသည်။

၅.၁၁။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကြပ်စခန်းကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ကျောက်မီးသွေး ထုတ်လုပ်ခြင်း၊ သစ်/ ဝါး ထုဂ်လုပ်ခြင်း၊ ဆင်ဂွားလိုက်ခြင်း၊ စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျောက်မီးသွေး ထုတ်လုပ်ခြင်းကို အိမ်ထောင်စု ၂၇.၅ %၊ သစ်/ ဝါး ထုတ်လုပ်ခြင်းကို အိမ်ထောင်စု ၇၀% ခန့်မှ လည်းကောင်း ကိုယ်ပိုင်အဖြစ် လည်း်ကောင်း၊ နေ့စားကျပန်းအလုပ်သမားများအဖြစ် လုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရ လုပ်ငန်းအဖြစ် ကုန်စုံဆိုင်ဖွင့်ခြင်း၊ သယ်ယူပို့ဆောင်ရေး စသည်တို့ လုပ်ကိုင်ကြပြီး အသက်မွေးဝမ်း ကျောင်းပညာလုပ်ငန်းအဖြစ် ဂဟေလုပ်ငန်း၊ လက်သမား၊ ပန်းရံ လုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ဆိုင်ကယ်ပြင် လုပ်ငန်း စသည်တို့ ရှိပါသည်။ ထို့အပြင် ကျွဲ၊ နို့စားနွား၊ ကြက်၊ ဝက် မွေးမြူခြင်း ကို တပိုင်တနိုင် လုပ်ကိုင်ကြ ပါသည်။

ကြပ်စခန်းကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် (၄) ဆင့် ခွဲထားပါသည်။ ဥစ္စာဓန အဆင့် (၁) ချမ်းသာသောမိသားစုမှာ ကျေးရွာအိမ်ထောင်စု၏ (၆.၂%)၊ အဆင်ပြေသော အိမ်ထောင်စု (၁၉.၆%)၊ မပြေလည်သော အိမ်ထောင်စု (၃၈.၄%) နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၃၅.၆%) ခန့်ရှိပါသည်။ ထုတ်ကုန်လုပ်ငန်း ကိုယ်ပိုင်လုပ်ကိုင်နိုင်မှုနည်း၍ စီးပွားရေးအသင့်တင့်သာ ပြေလည်ကြသောကြောင့် အဆင်ပြေသော အိမ်ထောင်စု နည်းပါးပါသည်။

၅.၁၂။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ (လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ကြပ်စခန်းကျေးရွာသည် မိတ္ထီလာ-တောင်ကြီး ကားလမ်းဘေးတွင်တည်ရှိသောကြောင့် သာစည်မြို့နှင့် ဆက်သွယ်သွားလာရန် လွယ်ကူပါသည်။ ကျေးရွာတွင်း လမ်းများမှာ မြေသားလမ်းများ ဖြစ်ပြီး မိုးတွင်းကာလတွင် ရွံနွံ ထူထပ်၍ သွားလာရ ခက်ခဲပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာ တောင်တက်လမ်း၊ မြေသားလမ်းများ ဖြစ်ပြီး ပွင့်လင်းရာသီတွင်သာ သွားလာနိုင်ပါသည်။ ကျေးရွာဘေးတွင် တောင်ပေါ်စိမ့်စမ်းမှ စီးဆင်းလာသော ချောင်း ရှိပါသည်။ ချောင်းမှ တံတားကို ဖြတ်ကူး၍ ကျေးရွာများ ဆက်သွယ်သွားလာရပါသည်။ တံတားမှာ ကျဉ်းမြောင်းပြီး အနည်းငယ်ပျက်စီးနေသောကြောင့် ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာသူ/ သား များအနေဖြင့် နည်းပညာ၊ ငွေကြေး မပြည့်စုံသည့်အတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

ကြပ်စခန်းကျေးရွာတွင် ကျေးရွာ အိမ်ထောင်စု စုစုပေါင်း၏ ၄၄% သည် ဆိုလာမီးကို အသုံးပြုကြပါသည်။ ဒီဇယ်အင်ဂျင် အသုံးပြုသော အိမ်ထောင်စု ၁၁% ခန့်ရှိပါသည်။ ကျန်သော အိမ်ထောင်စုသည် ဘတ္ထရီမီး၊ ဓါတ်ခဲမီး၊ ဒိန်မ်၊ မီးအိမ်၊ ဖယောင်းတိုင် တို့ကိုသာ အသုံးပြုကြပါသည်။ ကြပ်စခန်းကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ခြင်း၊ မဟာဓါတ်အားလိုင်းနှင့်ဝေးကွာခြင်း၊ ကျေးရွာရန်ပုံငွေ မပြည့်စုံခြင်းတို့ကြောင့် လျှပ်စစ်မီး မရရှိသေးပါ။ ကျေးရွာလျှပ်စစ်မီးသွယ်တန်းနိုင်ရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီကို ဖွဲ့စည်းပြီး သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဘဏ္ဍာငွေ စုဆောင်းခြင်း လုပ်ငန်းများကို စတင်ဆောင်ရွက်လျက် ရှိပါသည်။

ကျေးရွာတွင် ကား (၃၁) စီး၊ ဆိုင်ကယ် (၂၀၄) စီး၊ စက်ဘီး (၁၄) စီး၊ နွားလှည်း (၃၈) စီး တို့ဖြင့် သယ်ယူပို့ဆောင်ရေးကို အသုံးပြုကြပါသည်။ စက်ဘီးကို ကျောင်းသား/ သူ များမှ အသုံးများပြီး နွားလှည်း၊ ကားနှင့် ဆိုင်ကယ်များကို လုပ်ငန်းခွင်တွင် အသုံးပြုကြပါသည်။ အခြားသယ်ယူပို့ဆောင်ရေးများအတွက်လည်း အသုံးပြုကြပါသည်။ ကျေးရွာတွင် ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ကောင်းစွာရရှိပြီး သတင်းအချက်အလက် ဆက်သွယ်ရေးအတွက် လွယ်ကူပါသည်။ ဆိုလာမီးများရှိသောကြောင့် Potable TV ကို အားသွင်း အသုံးပြုကြပါသည်။ ဗဟုသုတစုံရှာဖွေနိုင်ရန် ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်နိုင်ရန် လိုအပ်ပါသည်။

၅.စ။ ပညာရေး

ကျေးရွာတွင် အခြေခံပညာ အလယ်တန်း(ခွဲ) ကျောင်း ရှိပါသည်။ ကျောင်းတွင် အစိုးရခန့် ကျောင်းဆရာ (၁) ဦး၊ ဆရာမ (၈) ဦး၊ ကျေးရွာခန့် ဆရာ (၁) ဦးရှိပြီး စုစုပေါင်း (၁၀) ဦး ရှိပါသည်။ ကျောင်းသား အရေအတွက်နှင့် ဆရာ/ ဆရာမ လုံလောက်မှု မရှိပါ။ ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှု မရှိသေးပါ။ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာရန်ပုံငွေ ကောက်ခံ၍ (၇၀x၁၂x၁၂) ပေ ကျယ်ဝန်းသော ၁ ထပ် အုတ်တိုက် စာသင်ကျောင်းဆောင် (၁) ဆောင်ကို ဆောက်လုပ်ထား ပါသည်။ အခြားကျောင်းဆောင် (၂) ဆောင်မှာ အခင်း၊ အမိုးရှိပြီး အကာမပြည့်စုံသေးသောကြောင့် ထပ်မံဖြည့်ဆည်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျောင်းရေလောင်း အိမ်သာများ ကောင်းမွန်ပါသည်။ အထက်တန်းကို ကျေးရွာနှင့် (၁၂) မိုင်ခန့် ကွာဝေးသော ယင်းမာပင်တိုက်နယ်သို့ သွားရောက် တက်ရောက်ကြပါသည်။

မူလတန်းကျောင်းသားဦးရေ (၁၅၇) ဦး၊ အလယ်တန်းကျောင်းသားဦးရေ (၇၆) ဦး၊ အထက်တန်း ကျောင်းသားဦးရေ (၃၀) ဦးနှင့် တက္ကသိုလ်/ ကောလိပ်ကျောင်းသားဦးရေ (၄) ဦး ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော်လည်း တောင်ပေါ်ဒေသဖြစ်ခြင်း၊ ခရီးကွာဝေးခြင်းနှင့် စီးပွားရေး မပြေလည်မှုတို့ကြောင့် အထက်တန်းအဆင့်၊ တက္ကသိုလ်ပညာအဆင့်ထိ ပညာမသင်ကြားနိုင်ကြပါ။ ကျေးရွာတွင် ပညာတတ် နည်းပါးပါသည်။ တောင်ပေါ်ဒေသဖြစ်ခြင်း၊ မြို့နှင့်ဝေးကွာခြင်း၊ မူးယစ်ဆေးဝါးများ လွယ်လင့်တကူရရှိခြင်း၊ လူငယ်အများစုမှာ ကျေးရွာ၏ ရပ်/ရွာကိစ္စ၊ ဖွံ့ဖြိုးရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု မရှိခြင်းတို့ကြောင့် ကျေးရွာတွင် မူးယစ်ဆေးနှင့် ပတ်သက်၍ အသိပညာ ဟောပြောပွဲများ၊ မူးယစ်တိုက်ဖျက်ရေး အစီအစဉ်များ လိုအပ်လျက်ရှိပါသည်။

၅.ဆ။ ကျန်းမာရေး

ကြပ်စခန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရှိသောကြောင့် သာမန်ဖျားနာလူနာများ၊ ကိုယ်ဝန် သည် မွေးလူနာများအတွက် အဆင်ပြေပါသည်။ အရေးပေါ်လူနာများအား (၁၂) မိုင်ခန့်ဝေးသော ယင်းမာပင်တိုက်နယ်ဆေးရုံ၊ (၃၄) မိုင်ခန့် ကွာဝေးသော သာစည်မြို့နယ် ဆေးရုံသို့ သွားရောက် ကုသကြရပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ရာသီအလိုက်ဖြစ်ပွားတတ်သော ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ရာသီတုပ်ကွေးရောဂါများ ဖြစ်ပွားလေ့ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် ကုသမှု လက်လှမ်းမီပါသည်။ တောင်ပေါ် ထူထပ်ပေါများခြင်း၊ ခြင်ကိုက်ခြင်းတို့ကြောင့် ငှက်ဖျားရောဂါ အဖြစ်များပါသည်။ မြို့နယ်နှင့် ကျေးလက်ကျန်းမာရေးဌာနတို့မှ ကိုယ်ဝန်သည်များ၊ ကလေးငယ်များအား အပတ်စဉ်၊ လစဉ်အလိုက် ကာကွယ်ဆေးများ လာရောက် ထိုးပေးပြီး ကျန်းမာရေး စောင့်ရှောက်မှု ပေးပါသည်။ လူကြီးရောဂါများဖြစ်သော ဆီးချို၊ သွေးတိုးရောဂါ ခံစား နေရသူများလည်း ရှိပါသည်။ ကျန်းမာရေးကိစ္စ အရေးပေါ် ပေါ်ပေါက်လာပါက မြို့နယ်ဆေးရုံသို့ ပို့ဆောင်နိုင်ရန် ကျေးရွာပိုင် မော်တော်ယာဉ်အား၀ယ်ယူ တည်ထောင်ထားရှိပါသည်။

ကြပ်စခန်းကျေးရွာတွင် မိသားစုသုံးရေအတွက် ကျေးရွာအနီးတဝိုက်ရှိ စိမ့်စမ်းရေကို အသုံးပြုကြရပါသည်။ ကျောက်မီးသွေးထွက်ရှိပြီး စက်ရုံများမှ မိုးတွင်းကာလတွင် စွန့်ပစ်ရေများ တခါတရံ စွန့်ပစ်ခြင်းကြောင့် ချောင်းရေထဲသို့ စီးဝင်၍ ရေသန့်ရှင်းမှု မရှိပါ။ စိမ့်စမ်းရေထွက်မှရေကို နည်းပညာဖြင့်သန့်စင်ပြီး အိမ်တိုင်ရာရောက် ရေသွယ်နိုင်လျှင် ပိုအဆင်ပြေမည် ဖြစ်ပါသည်။ ကျေးရွာသူ/ သားများအနေဖြင့် ငွေကြေး၊ နည်းပညာ မပြည့်စုံခြင်းကြောင့် စိမ့်စမ်းရေ သွယ်တန်းခြင်း၊ ရေသန့်စင်ခြင်းတို့အား မဆောင်ရွက်နိုင်ဘဲ ကျေးရွာအတွက် သန့်ရှင်းသော သုံးရေ လိုအပ်လျက်ရှိပါသည်။ အချို့ အိမ်ထောင်စုများတွင် အဝီစိတုံကင် တွင်းတိမ်များကို တူးဖော် အသုံးပြုကြပါသည်။ သောက်ရေအတွက် ရေသန့်ဗူးများကိုသာ ဝယ်ယူအသုံးပြုရပါသည်။ ကျေးရွာတွင် ရေဆွဲအိမ်သာ အသုံးပြု

နိုင်သော အိမ်ထောင်စု (၆) စု ရှိပြီး အိမ်ထောင်စုအားလုံးနီးပါး ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ အိမ်သာ အသုံးမပြုသော အိမ်ထောင်စု အနည်းငယ် လည်းရှိပြီး ကျန်းမာရေး အခြေခံ ဗဟုသုတ နည်းပါးသော အိမ်ထောင်စုများ ဖြစ်ပါသည်။ ကျေးလက်ကျန်းမာရေး ဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးတို့မှ ယင်လုံအိမ်သာသုံးစွဲကြရန် နည်းလမ်းပြ နှိုးဆော်သော်လည်း လိုက်နာ ဆောင်ရွက်ခြင်း မရှိပါ။

၅.၆။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကြပ်စခန်းကျေးရွာသည် သစ်/ဝါးထုတ်လုပ်ခြင်းကို အဓိကလုပ်ကိုင်ကြသောကြောင့် သစ်တောပြုန်းတီးပြီး ရာသီဥတုဆိုးရွားစေပါသည်။ မိုးတွင်းကာလတွင် တစ်ခါတစ်ရံ မြေပြိုတတ်ပါသည်။ အခြားသဘာဝ ဘေးအန္တရာယ် ကျရောက်မှု မရှိဖူးသေးပါ။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကျေးရွာတွင် ဆောင်ရွက်မှုများ မရှိသေးပါ ။ ဆောင်ရွက်ရန် အသိပညာဗဟုသုတ လိုအပ်လျက် ရှိပါသည်။

၅.၇။ ကျား - မရေးရာ

ကြပ်စခန်းကျေးရွာမှ အမျိုးသမီးများသည် ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် ပါဝင်လေ့ မရှိပါ။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူ ပါဝင်ဆောင်ရွက်ကြပါသည်။ ဓမ္မစကြာအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ရတနာ ပရဟိတအဖွဲ့ စသည့် အမျိုးသမီးသီးသန့်အဖွဲ့များလည်း ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်လျက် ရှိပါသည်။ ရှေးယခင်က အမျိုးသမီးများသည် အတန်းပညာပြီးမြောက်သည်အထိ သင်ကြားခြင်း မရှိဘဲ ကျောင်းထွက်နှုန်းများပြီး အိမ်မှု ကိစ္စများကိုသာ လုပ်ကိုင်လေ့ရှိပါသည်။ ယခုအခါတွင်မူ အမျိုးသမီးများသည်လည်း အမျိုးသားများ တန်းတူ ပညာ သင်ကြားလာကြပြီး အတန်းပညာပြီးဆုံးသည်အထိ တက်ရောက်ကြပါ သည်။

၆. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဦးစားပေးစီမံကိန်းလုပ်ငန်းများအား ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင်ဆွေးနွေး၍ ရေးဆွဲထားပါသည်။ ဦးစားပေးစီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝဘေးအန္တရာယ်ကျရောက်မှုမှလွဲ၍ ပြောင်းလဲခြင်း မရှိနိုင်ပေ။ သို့သော် ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအရ အရေးကြီး ပြုပြင်ပြောင်းလဲသင့်သော အရာများတွင် ထပ်တိုးစီမံကိန်းများ ထပ်မံထည့်ဝင်သွားမည် ဖြစ်ပါသည်။

ကြပ်စခန်းကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်
သန့်ရှင်းသော သောက်သုံးရေ ရရှိရန် စိမ့်စမ်းရေ သွယ်တန်းခြင်း	၁
စာသင်ကျောင်းဆောင် ဆောက်လုပ်ခြင်းနှင့် ကျောင်းခြံစည်းရိုး ကာရံခြင်း	၂
လူငယ်နှင့် မူးယစ်ဆေး ပညာပေး အစီအစဉ်	၃
ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း	၄
ချောင်းကူးတံတားတည်ဆောက်ခြင်း	၅
ကျေးရွာစာကြည့်တိုက် တည်ဆောက်ခြင်း	၆

(ခ) ဦးဘသောင်းခေါ်

သစ်ပင်ပြုတ်ကျခြင်း၊ ကြိုးတိုက်မိခြင်း၊ မော်တော်ယာဉ်ကြီးများ ဖြတ်သွားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကို ဖြေရှင်းပေးရန် တောင်းခံခြင်း

စဉ်	အမည်	လိပ်စာ	မှတ်ချက်	အကြိမ်အရေအတွက်	ဖုန်းနံပါတ်
၁	ဦးနေလင်းထောင်	ဦးတန်းကြီး	၁၄/ဂဂဂ(နိုင်)၀၁၉၅၇	၁၄	၀၉၅၀၀၅၅၅၅
၂	ဦးထွန်းဖိုး	ဦးပုလဲထောင်	၁၄/ဂဂဂ(နိုင်)၀၁၁၀၁	၁၅	၀၉၄၂၀၀၅၅၅
၃	ဦးလှမြင့်	ဦးဂွန်မောင်	၉/ဃဂ(နိုင်)၀၁၄၈၆	၁၆	၀၉၄၂၀၀၅၅၅
၄	ဦးမုံဝင်း	ဦးဝင်းအေး	၁၄/ဃဃ(နိုင်)၀၁၉၄၇	၁၇	၀၉၅၀၀၅၅၅
၅	ဦးနေလင်း	ဦးတင်ထွဋ်	၉/ဃဂ(နိုင်)၀၁၄၈၅	၁၈	၀၉၄၂၀၀၅၅၅
၆	ဒေါ်သင်းကြိုင်	ဦးလေးဖောင်	ဧရာမကြီးခေ	၁၈	၀၉၄၂၀၀၅၅၅
၇	ဒေါ်မျိုးဆွေ	ဦးသိန်းဖောင်	၉/ဃဂ(နိုင်)၀၁၄၆၅	၁၉	၀၉၄၂၀၀၅၅၅

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၈) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၅	၁၈	၃၃
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၄၀	၄၈	၈၈
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၈၂	၇၂	၁၅၄
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅၄	၆၇	၁၂၁
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၈၉	၃၄၆	၇၃၅
၆၅ နှစ် နှင့်ပဲ့ အထက်	သက်ကြီးရွယ်ကြီး	၅	၁၁	၁၆
စုစုပေါင်း		၅၈၅	၅၆၂	၁၁၄၇
စုစုပေါင်း အိမ်ထောင်စု				၂၅၅

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့်အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကြပ်စခန်းကျေးရွာတွင် တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ ၄.၅ နှုန်းခန့် ရှိပါ သည်။ နို့စို့အရွယ်ကလေး ၂.၈၇%၊ ၅ နှစ်အောက်ကလေးငယ် ၇.၀၇%၊ မူလတန်းကျောင်းသားအရွယ် ၁၃.၄၂%၊ အလယ်တန်းကျောင်းနေအရွယ် ၁၀.၅၄%၊ အလုပ်လုပ်နိုင်သောအရွယ် ၆၄.၀၈%နှင့် သက်ကြီး ရွယ်အို ၁.၃၉% နေထိုင်ကြပါသည်။ သက်ကြီးရွယ်အို လူဦးရေ အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။

(၆) အလုပ်လုပ်နိုင်သူ အင်အား

(၆-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း: မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
နိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	၁၀၀	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၁၂၅	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း:	၇၀	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေဝေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	၂	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐

၈၌	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦး ရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေး ရန်။)
		အိမ် ထောင်စု	မိသား စု ဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၃	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၁၄	၀	၀	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၁	၀	၀	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း:	၁	၀	၀	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ:**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ: (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဝပ် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၁	၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား:	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း:				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကြပ်စခန်းကျေးရွာတွင် အဓိကလုပ်ငန်းမှာ ကျောက်မီးသွေးထွက်သော ဒေသဖြစ်၍ ကျောက်မီးသွေးထုတ် လုပ်ငန်းကို လုပ်ကိုင်ကြပြီး ဝင်ငွေ အဆင်ပြေကြပါသည်။ သစ်၊ ဝါး ထုတ် လုပ်ခြင်း လုပ်ငန်းကိုလည်း ကိုယ်ပိုင်သော်လည်းကောင်း၊ နေ့စား အလုပ်သမားများအဖြစ်သော်လည်းကောင်း အများဆုံးလုပ်ကိုင်ကြပါသည်။ ဆင် အငှားလိုက် လုပ်ငန်း လုပ်ကိုင်သူများလည်း ရှိပြီး ဝင်ငွေ အဆင်ပြေ ကြပါသည်။ လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်ပြင်ဆိုင်၊ ဝရိန်ဆိုင်နှင့် ကားဂျာပို့ဆောင်ရေးလုပ်ကိုင်သူတို့ရှိပြီး ဝင်ငွေ အသင့်အတင့်သာ ရရှိပါသည်။ အိမ်ဆိုင်၊ စတိုးဆိုင် နှင့် ငွေတိုးပေးသူများရှိပြီး ၎င်းတို့မှာ ဝင်ငွေ အဆင်ပြေကြပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၉.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☑
ဥယျာဉ်ခြံမြေ	၃၄.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☑
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၆၃	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သိမ်းသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကြပ်စခန်းကျေးရွာတွင် တောင်ယာစိုက်ပျိုးလုပ်ကိုင်သူ မရှိပါ။ နိုင်ငံတော် အစိုးရပိုင် သစ်တောမြေများ ဖြစ်ခြင်း၊ ကျောက်တုံးများ ပေါများခြင်းနှင့် စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာ အားထားရခြင်းတို့ကြောင့် လယ်ယာစိုက်ပျိုးခြင်းကို မလုပ်ကိုင်ကြပါ။ ကျွဲ၊ နွားများ စားသုံးရန် ပြောင်း ကိုသာ စိုက်ပျိုးကြပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်ဝေဝံ အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ဇကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကြပ်စခန်းကျေးရွာအနီးတွင် ကျောက်မီးသွေး အသင့်အတင့်ထွက်ရှိပါသည်။ ကျေးရွာမှ ကျောက်မီးသွေးထုတ်လုပ်ခြင်း လုပ်ငန်းအား လုပ်ကိုင်နေကြသော်လည်း နည်းပညာ အားနည်း သောကြောင့် ထုတ်လုပ်မှုအပိုင်းတွင် ထွက်ရှိသင့်သလောက် မထွက်ရှိပါ။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်တွင် တည်ရှိသော တောင်ပေါ်ဒေသဖြစ်၍ တောင်ရိုင်းတိရစ္ဆာန်အဖြစ် ဆင်များရှိပြီး ဆင်ကို မွေးမြူကြကာ အလှူမင်္ဂလာနှင့် အခြားပွဲလမ်းသဘင်များအတွက် ငှားရမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါ သည်။ အခြားတိရစ္ဆာန် မျိုးစိတ်များလည်း ရှိပါသည်။ ဆေးဖက်ဝင် အပင်များဖြစ်သော ရွာစောင်းလက်ပပ်၊ တပင်တိုင်မြနန်းပင် စသည့်တို့ ပေါက်ရောက်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ဂုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အခြားစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အခြံမထောင်စု	၁၆	၅၀	၉၈	၉၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကြပ်စခန်းကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ကျောက်မီးသွေး ထုတ်လုပ်ခြင်း၊ သစ်၊ ဝါး ထုတ်လုပ်ခြင်း လုပ်ငန်းဖြစ်ပြီး ကိုယ်ပိုင်လုပ်ကိုင်သူနှင့် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်သူများရှိပါသည်။ နေ့စားအလုပ်သမားများသောကြောင့် ကျေးရွာတွင်းရှိ ဆင်းရဲ၊ ချမ်းသာကွာဟမှု အရေအတွက်မှာ များပြားကြောင်း တွေ့ရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၇) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် □ လတ် □ နိမ့် □ မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ဝဲခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့်ပတ် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကြပ်စခန်းကျေးရွာတွင် ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များမရှိပေ။ သစ်၊ ဝါးထုတ်လုပ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်ပြီး ရာသီဥတု ဖောက်ပြန်လာပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူမှုကူညီရေးအသင်း	၁ □ ၂ ☑ ၃ □	၀	၀	၀	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ ☑
၂	အမျိုးသမီးရေးရာအဖွဲ့	၁ □ ၂ ☑ ၃ □	၀	၀	၀	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □	ကောင်း ☑ သင့် □ ညံ့ □

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	
၃	ကျောင်း ဂေါပက	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	ကျောင်းအကျိုးဂေ တော်ဆောင်	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	မိဘဆရာ အသင်း	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၆	မိခင်နှင့် ကလေးစောင့်ရှေ ဝတ်ရေး	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၇		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
